ခုံသမာဓိကောင်စီ

ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်( ၅၂ /၂၀၁၆)

| | |
|---|---|
| Mr.Liu Yung Lung (ပိုင်ရှင်)<br>ဒေါ်အေးမြသူသူ (ဒါရိုက်တာ)<br>Circle Tech Industrial Enterprise Co.,Ltd၊<br>အမှတ်(၃၃-၀၀၁)၊ကမာရွတ်ဘူတာရုံလမ်း၊<br>(၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးသန်းဇော်လင်း<br>အမှတ်(၈၉၉/ခ)၊ဒက္ခိဏ(၁)လမ်း၊ (၁၀/၃၄)ရပ်ကွက်၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဩဂုတ် လ ၃ ရက်

ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကမာရွတ်ဘူတာရုံလမ်း၊ အမှတ် (၃၃/၀၀၁)ရှိ Mr.Liu Yung Lung ၊ ဒေါ်အေးမြသူသူ (ဒါရိုက်တာ)တို့ပိုင်ဆိုင်သော Circle Tech Industrial Enterprise Co.,Ltd နှင့် ယာဉ်မောင်းအလုပ်သမား ဦးသန်းဇော်လင်းတို့

လိုင်ဖြိုးနယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖြေရှင်း အကြားဖြစ်ပွားသော အငြင်းပွားမှုကို ဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေး ဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၇၅/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဇူလိုင် လ ၅ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်မှထုတ်ပယ်ခံခဲ့သည့်အတွက် အလုပ်ထုတ်နစ်နာကြေးနှင့် Deposit အဖြစ် ဖြတ်တောက်ထားသော လစာ၏ ၂၀% ကို ပြန်လည်ထုတ်ပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှု ဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီးအဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်အမှတ်(၁)ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

ကောက်ချက်အမှတ်(၁)။ အစမ်းခန့်ကာလတွင် အလုပ်မှထုတ်ပယ်ခံရသဖြင့် နစ်နာကြေး ပေးသင့်/မပေးသင့်နှင့် Depositအဖြစ် လစာ၏ ၂၀% ဖြတ်တောက်ထားမှုအား ပြန်လည်ထုတ်ပေးသင့်/မသင့်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ယာဉ်မောင်းလုပ်သား ဦးသန်းဇော်လင်းအား အစမ်းခန့်ကာလအတွင်း အလုပ်ရပ်စဲမှုအတွက် နို့တစ်ကြေး တစ်လစာ ၂၀၀၀၀၀ (ကျပ်နှစ်သိန်းတိတိ)ထုတ်ပေးရန်နှင့်ယာဉ်မောင်းဦးသန်းဇော်လင်း၏လစာမှ မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြတ်တောက်ခဲ့သော Deposit ငွေ ၂၀% စီကို ပြန်လည်ထုတ်ပေးရန် ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၇၅/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် အလုပ်ရှင် Mr.Liu Yung Lung ၊ ဒေါ်အေးမြသူသူ (ဒါရိုက်တာ) ကိုယ်စား ဦးအေးကျော်မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်

(၂၈/၂၀၁၆)ဖြင့် ခုံသမာဓိကောင်စီ အမှုအမှတ် (၅၂/၂၀၁၆) အား ကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို အစိုးရ ကိုယ်စားလှယ် ဥက္ကဋ္ဌ ဦးသောင်းစိန်၊ အလုပ်ရှင် ကိုယ်စားလှယ် အဖွဲ့ဝင် ဦးသန်းအောင် နှင့် အလုပ်သမား ကိုယ်စားလှယ် အဖွဲ့ဝင် ဦးဌေး တို့ပါဝင်သည့် ခုံအဖွဲ့အား ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့ရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့် တင်ပြလာသောစာရွက်စာတမ်း အထောက်အထားများအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အစမ်းခန့်ကာလတွင် အလုပ်မှရပ်စဲခံရသဖြင့် တည်ဆဲဥပဒေအရ ခံစားခွင့် ရထိုက်/မရထိုက်နှင့် Depositအဖြစ် လစာ၏ ၂၀% ဖြတ်တောက်ထားမှုအား ပြန်လည်ထုတ်ပေးရန် သင့်/မသင့်။

<u>သုံးသပ်ချက်</u>

၇။ အလုပ်ရှင် Mr.Liu Yung Lung ၊ ဒေါ်အေးမြသူသူ (ဒါရိုက်တာ)တို့ပိုင်ဆိုင်သော Circle Tech Industrial Enterprise Co.,Ltd နှင့် ယာဉ်မောင်း ဦးသန်းဇော်လင်းတို့ ဖြစ်ပွားခဲ့သော အငြင်းပွားမှုကို မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နှင့် ခုံသမာဓိအဖွဲ့တို့တွင် အဆင့်ဆင့်သော စိစစ်ဆောင်ရွက်ခြင်းများကို လေ့လာရာတွင်လည်းကောင်း၊ ဤခုံသမာဓိကောင်စီ၊ ခုံအဖွဲ့တွင် စစ်ဆေးဆောင်ရွက်ချက်များအရလည်းကောင်း၊ အစမ်းခန့်ယာဉ်မောင်း ဦးသန်းဇော်လင်းကို (၄-၃-၂၀၁၆) ရက်နေ့မှ (၂၅-၅-၂၀၁၆)ရက်နေ့အထိ လုပ်ကိုင်ခဲ့ပါသည်။ (၂၅-၅-၂၀၁၆)ရက်နေ့ ညပိုင်းတွင် Sedona Hotel တွင် ကျင်းပပြုလုပ်သည့် ညစာစားပွဲသို့ အလုပ်ရှင်နှင့် ဒါရိုက်တာ ဒေါ်အေးမြသူသူတို့ တက်ရောက်ပြီး၊ ပြန်လည်ထွက်ခွာသည့် ညသန်းခေါင်အချိန်တွင် မိမိမောင်းနှင်နေသည့် Probox မော်တော်ယာဉ်ကို ယူခွင့်ပြုရန် ခွင့်တောင်းခဲ့သော်လည်း ခွင့်မပြုသည့်အတွက် အငှားကားခ (၂၀၀၀/-)ကျပ်ဖြင့် ရွှေပြည်သာရှိမိမိနေအိမ်သို့ပြန်ရန် အခက်အခဲရှိကြောင်းတင်ပြမှုအပေါ် မကျေလည်သည်မှစ၍ ယခုကဲ့သို့ ယာဉ်မောင်း ဦးသန်းဇော်လင်းအား

အလုပ်မှ အရည်အချင်းမမီကြောင်း အကြောင်းပြချက်ဖြင့် အစမ်းခန့်ကာလပြည့်မီရန် ရက်အနည်းငယ်အလိုတွင် အလုပ်မှရပ်နားခဲ့ခြင်းကြောင့် ဤအငြင်းပွားမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အစမ်းခန့်ကာလအတွင်း အလုပ်ရှင်မှ အပြစ်ရှိကြောင်း အကြောင်းပြချက် "ခွင့်မတိုင်ကြားခြင်း၊ ယာဉ်နှင့်ဆိုက်ကားတို့ မတော်တဆထိခိုက်မိခြင်း၊ ယာဉ်စီးခတောင်းဆိုသည့် ကိစ္စနှင့်ပတ်သက်၍ အပြန်အလှန် ပြောဆိုသည်ကို အလုပ်ရှင်အားခံပြောသည်ဟု" စသဖြင့် အကြောင်းအမျိုးမျိုးပြ၍ အစမ်းကာလမပြည့်မြောက်မီ နို့တစ်တစ်စုံတစ်ရာပေးခြင်းမပြုလုပ်ဘဲ အလုပ်မှရပ်နားခဲ့သည့်အတွက် အလုပ်ရှင်အနေဖြင့် ယာဉ်မောင်းအား မကြိုက်နှစ်သက်သည့်အတွက် ဆက်လက်ခန့်ထားလိုခြင်းမရှိပါက ဥပဒေနှင့်အညီ နို့တစ်စာဖြင့် စနစ်တကျဆောင်ရွက်သင့်ပါသည်။ ယခုကဲ့သို့ ရုတ်ချည်းအလုပ်မှ ရပ်စဲလိုက်သည်မှာ ယာဉ်မောင်းအလုပ်သမားတစ်ဦးအနေဖြင့် အလုပ်လက်မဲ့တစ်ဦးအဖြစ် လတ်တလောပြင်ဆင်ချိန်မရရှိဘဲ လူမှုရေးနှင့်စားဝတ်နေရေး အခက်အခဲများ၊ ဒုက္ခများရင်ဆိုင်နေရနိုင်သည်မလွဲဖြစ်ပါသည်။

၈။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီမှု စာချုပ်များကို ကုမ္ပဏီအနေဖြင့် ရေးဆွဲဆောင်ရွက်ထားသည်ကို တွေ့ရှိရပြီး၊ အစမ်းခန့်သည်ဖြစ်စေ၊ အတည်ပြုခန့်ထားသည်ဖြစ်စေ ထိုစာချုပ်သည် အလုပ်ရှင်၏ သဘောတူညီချက်ဖြင့် လုပ်ခလစာပေး၍ ခန့်ထားသည်ဖြစ်ရာ၊ ယာဉ်မောင်းအနေဖြင့် ခံစားခွင့်၊ ရပိုင်ခွင့်များရှိနေသည်သာဖြစ်ပါသည်။ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ ပုဒ်မ ၅၉ ပုဒ်မခွဲ (ခ)နှင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၁ ပုဒ်မခွဲ (ခ)တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် အလုပ်မှရပ်စဲခံရသော အလုပ်သမားများနှင့်ပတ်သက်၍ အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားများကို အလုပ်ရှင်အနေဖြင့် လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး ဝန်ကြီးဌာန၏ (၃၁-၈-၂၀၁၅) ရက်စွဲပါ ကြော်ငြာချက်အမှတ် (၁/၂၀၁၅)နှင့်အညီ လိုက်နာဆောင်ရွက်ရန် အလုပ်ရှင်များအနေဖြင့် တာဝန်ရှိပါသည်။ အစမ်းခန့်ကာလ (၃/၂၀၁၆) လမှ (၅/၂၀၁၆) လအထိ လစာငွေများတွင် သက်သာချောင်ချိရေးရန်ပုံငွေဟု လစာ၏ သက်မှတ် ၂၀% ကို ဖြတ်တောက်ခဲ့သည်များကိုလည်း အလုပ်သမား၏ လုပ်ခလစာဖြစ်၍ ပြန်လည်ထုတ်

ပေးသင့်ပါသည်။ အလုပ်ရှင်အနေဖြင့် တည်ဆဲဥပဒေနှင့်အညီ နို့တစ်စာဖြင့် အလုပ်မှရပ်စဲကြောင်း ခိုင်လုံသည့်အကြောင်းပြချက်ကို ဖော်ပြ၍ အလုပ်မှရပ်နားခဲ့ပါက အပြစ်ရှိသည်ဟု မှတ်ယူနိုင်သော်လည်း ယခုကဲ့သို့ ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း အထောက်အထားမှတ်တမ်း၊ လျှော်ကြေးစာချုပ် စသည့်များကို ပြည့်စုံစွာတင်ပြနိုင်ခြင်းမရှိ၍ နောင်တွင်ခိုင်လုံသော မှတ်တမ်းမှတ်ရာများထားရှိပါက အလုပ်ရပ်စဲခြင်း၊ အစမ်းခန့်ကာလလွန်မြောက်၍ အတည်ပြုခန့်ထားနိုင်ရန် ဥပဒေနှင့်အညီ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။ အလုပ်ရှင်မှ ကျေနပ်မှုမရှိ၍ ဆက်လက်အတည်ပြု မခန့်နိုင်သည်ကို အပြစ်မဖွဲ့လိုသော်လည်း ဥပဒေနှင့်အညီ နို့တစ်စာကို ယာဉ်မောင်းအလုပ်သမားထံ ထုတ်ပြန်ပေးပါက ဤအငြင်းပွားမှုဖြစ်ပွယ်ရာ မရှိနိုင်ကြောင်း သုံးသပ်ပါသည်။ ထိုသို့ ဆောင်ရွက်ခဲ့မှုမရှိ၍ အလုပ်လက်မဲ့ယာဉ်မောင်း၏ တောင်းဆိုချက်များကို ဥပဒေနှင့်အညီ အလုပ်ရှင်မှ ပေးအပ်ရန်လိုအပ်ကြောင်း သုံးသပ်၍ ဆုံးဖြတ်ခဲ့ပါသည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** အထက်ပါအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် (၇၅/၂၀၁၆)နှင့် စပ်လျဉ်း၍ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသောနေ့ရက်မှစ၍အာဏာတည်စေရမည်။
အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

| | | |
|---|---|---|
| ဦးသန်းမောင် | ဦးသောင်းစိန် | ဦးဋ္ဌေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |